ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၆ - ၂၀၁၇)

## Village Development Plan (VDP)

## ပန်တိန်း ကျေးရွာ၊ မယ်စဲ့ ကျေးရွာအုပ်စု၊ မယ်စဲ့ မြို့နယ်

# မာတိကာ

၁။ မယ်စဲ့ မြို့နယ်မြေပုံ

၂။ ပန်တိန်း ကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)


၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။ မယ်စဲ့ မြို့နယ်မြေပုံ



မယ်စဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးလက်ရေပေးရေးအခြေပြမြေပုံ
ရည်ညွှန်းချက်
စိမ့်စမ်း ( ၁၂ ) ခု
အခြား ( ၃ ) ခု
ကျေးရွာချင်းဆက်လမ်းများ
မြို့နယ်နမိတ်
5 0 5 10 15 20 km

## ၂။ ပန်တိန်း ကျေးရွာမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | ကျ | မ | ပေါင်း |
| ၁ | ဟိုစဲ့ | ၃၃၇ | ၈၇၂ | ၇၆၆ | ၁၆၃၈ |
| ၂ | ပန်တိန်း | ၄၄၄ | ၈၄၉ | ၈၁၆ | ၁၆၆၅ |
| ၃ | ဝမ်ကန် | ၈၄ | ၁၈၄ | ၁၉၆ | ၃၈၀ |
| | စုစုပေါင်း | ၈၆၅ | ၁၉၀၅ | ၁၇၇၈ | ၃၆၈၃ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)


ကယားပြည်နယ် ၊ မယ်စဲ့မြို့နယ် ၊ ဟိုစဲ့ကျေးရွာအုပ်စု၊ ပိန်တိန်းကျေးရွာသည် ဖားဆောင်းမြို့ မှ မယ်စဲ့မြို့သို့ သွားရာ လမ်းမကြီးနံဘေးတွင် တည်ရှိပြီး မယ်စဲ့မြို့နှင့် (၇) မိုင် ကွာ ဝေးသည်။ ကယန်း၊ ကယား၊ ရှမ်း၊ ကရင် နှင့် ကယော လူမျိုးများ စုပေါင်း နေထိုင်ကြသည်။ ၁၀၀၄ တပ် အဖွဲ့အစည်းသည်လည်း အိမ်ထောင်စု(၃၀၁)အိမ် လူဦးရေစုစုပေါင်း (၉၃၇)ဦးဖြင ့်ထပ်မံပြီး ပန်တိန်းကျေးရွာသို့ ပြောင်းရွှေ့လာရောက် နေထိုင်ကြပါသည်။ ခရစ်ယာန်ဘာသာနှင့် ဗုဒ္ဓဘာသာ တို့ကို ဘာသာအလိုက် သက်ဝင်ယုံကြည် ကိုးကွယ်ကြသည်။ စိုက်ပျိုးရေးကို အဓိက အသက်မွေး ဝမ်းကျောင်း အတွက် လုပ်ကိုင်ကြသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်း အရာ | ရက်စွဲ | ဦးတည် အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁ | လူမှုရေး အရင်း အမြစ်ပြမြေပုံ | ၄.၂.၂၀၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၄၁ | ၃၅ | ၇၆ | ကျေးရွာအတွင်းရှိ အိမ်ခြေ များ၊ လက်ရှိ သဘာဝအရင်းအမြစ်များ အား အသုံးချမှု အခြေအနေများ နှင့် သဘာဝဘေး အန္တရာယ်များအား ဖော်ထုတ်ခြင်း။ |
| ၂ | ဥစ္စာနေကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း | ၄.၂.၂၀၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၄၁ | ၃၅ | ၇၆ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ပိုင်ဆိုင်မှု စံနှုန်းများသတ်မှတ်ကာ စံနှုန်း အပေါ်အခြေခံပြီး လူနေမှု အဆင့်အတန်း များသတ်မှတ်ခြင်း။ |
| ၃ | ကျား-မရေးရာ ကဏ္ဍ # ၁ ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၄.၂.၂၀၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၄၁ | ၃၅ | ၇၆ | ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝ အရင်းအမြစ်များအပေါ် အမျိုးသမီးများ နှင့်အမျိုးသားများ၏ သုံးစွဲမှုနှင့် ထိန်းချုပ်မှုများအား ဖော်ထုတ်ခြင်း |
| ၄ | ကျား-မ ရေးရာ ကဏ္ဍ # ၂ (ပင့်ကူအိမ်) | ၄.၂.၂၀၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၄၁ | ၃၅ | ၇၆ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသော အခွင့်အရေးများအား နှိုင်းယှဉ်ပြီး မှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ပြ ပြက္ခဒိန် | ၄.၂.၂၀၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၄၁ | ၃၅ | ၇၆ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ရာသီ အလိုက် ဆောင်ရွက်သော လုပ်ငန်းများ၊ ပွဲလန်းသဘင်များ၊ ရိုးရာဓလေ့များ၊ နှင့် အားလပ်မည့် ရာသီများအား ဖော်ထုတ်ခြင်း။ |
| ၆ | အဖွဲ့အစည်းများ ချိတ်ဆက်မှုပြ ဇင်းပုံစံ | ၄.၂.၂၀၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၄၁ | ၃၅ | ၇၆ | ကျေးရွာအတွင်းနှင့်ပြင်ပရှိ အဖွဲ့အစည်း များ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင် ရွက်မှုများ နှင့် အကျိုးဆက်များအား ဖော်ထုတ်ခြင်း။ |


## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ





ပန်တိန်းကျေးရွာတွင် အိမ်ထောင်စုအရေအတွက် (၄၄၂)ရှိပြီး အမျိုးသားဦးရေ (၈၄၉)ဦး နှင့် အမျိုးသမီး ဦးရေ (၄၆၀) စုစုပေါင်း (၁၃၀၉)ဦး ရှိပါသည်။ အဓိက အသက်မွေး ဝမ်းကျောင်းအဖြစ် လယ်ယာများ တောင်ယာတို့လုပ်ကိုင်ကြပြီး နှမ်း၊ စပါးတို့ကို အဓိက စိုက်ပျိုး ကြသည်။ ပဲနှင့် အခြားဟင်းသီးဟင်းရွက်ပင်များကို လည်း စိုက်ပျိုးကြသည်။ သောက်သုံးရေကို စိမ့်စမ်းရေသွယ်ယူခြင်း၊ အဝီစိတူးဖော်ခြင်းတို့ဖြင့် အသုံးပြုကြသည်။ ချောင်းသဲအနည်းငယ်ထွက် ရှိသည်။ ယခင်(၅)နှစ် နှင့်ယှဉ်လျှင် ရေ၊ သစ်၊ ဝါး အရင်းအမြစ်များ သိသိသာသာရှားပါးလာသည်။ ပန်တိန်းကျေးရွာတွင် အလယ်တန်းကျောင်း၊ မူကြိုကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်းတို့ ရှိပါသည်။ ဘာသာရေး အဆောက်အဦးများ ဖြစ်သော ဘုရား၊ စေတီ၊ ဘုန်းကြီးကျောင်း၊ ခရစ်ယာန်ဘုရား ကျောင်းများလည်း ရှိပါသည်။


## (ခ) ဥစ္စာဓနကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း




ပန်တိန်းကျေးရွာတွင် ဥစ္စာဓန ကြွယ်ဝမှုပြ ဇယားအရ (၁) ပြေလည် (၂)အလယ်အလတ် နှင့်(၃)နွမ်းပါး ဟူ၍ (၃)မျိုးရှိသည်။ ပြေလည် အုပ်စုတွင် တိုက်အိမ်၊ ကား၊ဈေးဆိုင်၊ ဆိုင်ကယ်၊ လျှပ်စစ်မီး၊ရွှေနှင့် အိမ်သုံးပရိဘောဂ အသုံးအဆောင်တို့ကို ပိုင်ဆိုင်ကြသည်။ ပြေလည်အုပ်စုတွင် (၆.၇)ရာခိုင်နူန်း ခန့်ရှိသည်။ အလယ်အလတ်အုပ်စုတွင် ပျဉ်ထောင်အိမ်ဖြင့် ဆောက်လုပ် ကြသည်။ ဆိုင်ကယ်၊ TV၊ ဆိုလာမီးတို့ကို ပိုင်ဆိုင်မှုနှင့် သတ်မှတ်ကြသည်။ ကြက်၊ ဝက် တို့ကို အနည်းငယ် မွေးမြူကြသည်။ တောင်ယာစိုက်ပျိုးခြင်းဖြင့် စားဝတ်နေရေးအတွက် ဖြေရှင်း ကြရ သည်။ နွမ်းပါးအုပ်စုတွင် ဝါး၊ တဲအိမ်များဖြင့် ဆောက်လုပ် နေထိုင်ကြပါသည်။ ကြက် အနည်းငယ်မွေးမြူကြသည်။ တောင်ယာစိုက်ပျိုးခြင်းကို အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ကြ သည်။ အလယ်အလတ် အုပ်စုတွင် (၄၃) ရာခိုင်နူန်း နှင့် နွမ်းပါး အုပ်စုတွင် (၅၃)ရာခိုင်နူန်းရှိသည်။

## (ဂ) ကျား-မရေးရာ ကဏ္ဍ # ၁ (ပိုင်ဆိုင်မှု သုံးသပ်ခြင်း)






ပိုင်ဆိုင်မှုသုံးသပ်ချက်အရ အမျိုးသားများ ထိန်းချုပ်သုံးစွဲသော အရင်းအမြစ် များမှာ သစ်၊ ဝါး၊ ကျောက်၊ သဲ နှင့် ဝပ်ရှော့တို့ ဖြစ်ကြသည်။ ကြက်၊ ဝက်၊ အပ်ချုပ်စက်၊ စျေးဆိုင် တို့ကို အမျိုးသမီးများက ပိုမို၍ ထိန်းချုပ် လုပ်ကိုင်ကြသည်။ ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်း၊ ဘာသာရေး အဆောက်အဦးတို့ကို အမျိုးသားနှင့် အမျိုးသမီးများအတူ ထိန်းချုပ်ကြသည်။ တောင်ယာအရင်း အမြစ်တွင်လည်း အမျိုးသား၊ အမျိုးသမီးတန်းတူ ပိုင်ဆိုင်ပြီးအတူ ထိန်းချုပ် လုပ်ကိုင်ကြသည်။

### (ဃ) ကျား-မအခန်းကဏ္ဍ # ၂ (ပင့်ကူအိမ်ပုံစံ)





ပန်တိန်းကျေးရွာတွင် ပင့်ကူအိမ်သုံးသပ်ချက်အရ အလုပ်အကိုင် အခွင့်အလမ်း ရှားပါးမှုကြောင့် အမျိုးသား (၆)ရာခိုင်နှုန်း နှင့် အမျိုးသမီး (၄)ရာခိုင်နှုန်း ခန့်မှန်းခြေတွင် ရှိသည်။ ဝင်ငွေ ရရှိမှုတွင်လည်း အမျိုးသား(၇)ရာခိုင်နှုန်း ရှိပြီး အမျိုးသားများထက် အမျိုးသမီးများမှာ (၄) ရာခိုင် နှုန်း လျော့နည်းနေသည်။ ဦးဆောင်မှု အပိုင်းတွင် အမျိုးသားများကို ဦးစားပေးထားကြောင်း တွေ့ ရသည်။ အမျိုးသမီးများ မိမိကိုယ်ကိုယ် ယုံကြည်မှု အားနည်းပြီး ရှက်ကြောက်မှု များကြောင့် ဦးဆောင်မှု အပိုင်းနှင့် ဆုံးဖြတ်ချက်ချရာတို့တွင် အမျိုးသားများ ထက် အားနည်းကြသည်။ လုံခြုံမှုတွင်လည်း အမျိုးသမီးများတွင် များစွာနည်းပါးသည်။ ရှေးရိုးစွဲ အယူဝါဒ များကြောင့် အမျိုးသမီးများသည် အိမ်မှုကိစ္စများကိုသာ ပိုမိုလုပ်ကိုင်ကြရသည်။ ကျန်းမာရေး အသိပညာအစည်းဝေး များတွင်လည်း အမျိုးသားများသည် စားဝတ် နေရေးအတွက် ရှာဖွေ လုပ်ကိုင် နေရခြင်းကြောင့် တက်ရောက်မှု အားနည်းကြသည်။

## (င) ရာသီခွင်ပြဇယား




ပန်တိန်းကျေးရွာတွင် ရာသီခွင်ပြဇယားအရ တောင်ယာလုပ်ငန်းဖြစ်သည်။ အိမ်တွင်းမွေးမြူရေးကို ကြက်၊ ဝက်၊ ကျွဲ၊ နွားတို့ကို မွေးမြူကြသည်။ တောင်ယာလုပ်ငန်းခွင်ဝင် ရသော လများမှာ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မေ၊ ဇွန်၊ စက်တင်ဘာ၊ အောက်တိုဘာလများ ဖြစ် ကြ သည်။ ထိုလများတွင် တောင်ယာအတွက် ချုံရှင်းခြင်း၊ မီးရှို့ခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း၊ ပေါင်းရှင်း ခြင်းနှင့် ရိတ်သိမ်းခြင်း လုပ်ငန်းတို့ကို လုပ်ကိုင်ကြရသည်။ ကျေးရွာ၏ အဓိက စိုက်ပျိုး သီးနှံများမှာ စပါး၊ နှမ်း၊ ငရုတ်တို့ဖြစ်သည်။ ဝင်ငွေများသော လမှာနှမ်းရိတ်သိမ်းပြီးချိန် အောက်တိုဘာလသာ ဖြစ်သည်။ စပါးကို အိမ်တွက် စားသုံးရန်သာ စိုက်ပျိုးပြီး၊ နှမ်းကို ဝင်ငွေရရှိရန် ပိုမို စိုက်ပျိုးကြရ သည်။ ပွဲတော်များကို ဇန်နဝါရီလတွင် ကရင် နှစ်သစ်ကူးပွဲတော်၊ ဧပြီလတွင် သင်္ကြန် ပွဲတော်၊ ဇူလိုင်လတွင် မိခင်များနေ့နှင့် ဖခင်များနေ့၊ အောက်တိုဘာလတွင် သီတင်းကျွတ်ပွဲတော်၊ နိုဝင် ဘာလတွင် သချိုင်းပွဲနှင့် ဒီဇင်ဘာလတွင် ခရစ္စမတ်ပွဲတော်များကို ပြုလုပ်ကျင်းပ လေ့ရှိကြသည်။ မိုးရာသီတွင် ချောင်းရေများ နောက်သောကြောင့် သောက်သုံးရေအခက်အခဲ ရှိသည်။ ဆောင်း ရာသီတွင်သာ သောက်သုံးရေ ဖူလုံမှုရှိသည်။ စားရေးပြည့်ပြည့်ဝဝဖူလုံသောလမှာ အောက်တို ဘာလနှင့် နိုဝင်လတို့သာဖြစ်သည်။ စပါးကို အိမ်ခြေ (၅)အိမ်သာ စိုက်ပျိုးပြီး အိမ်တိုင်းနှမ်း နှင့် ငရုတ်ကိုသာ အဓိက စိုက်ပျိုးကြသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် သော်လည်းကောင်း၊ ပိုးမွှားများကြောင့် လည်းကောင်း၊ စိုက်ပျိုးရေး နည်းပညာမရှိခြင်း တို့ကြောင့် ဝင်ငွေထက်ထွက် ငွေပိုများသော နှစ်တို့လဲ ကြုံရသည်။ အမျိုးသမီးများ၏ အဓိက အသက်မွေးဝမ်းကြောင်းမှာ တောင်ယာလုပ်ငန်း ဖြစ်သည်။ လုပ်အားခမှာ လုပ်ငန်းအလိုက်ကွာခြားမှု ရှိသည်။ ဝင်ငွေမှာအမျိုးသားများသည် အမျိုးသမီးများထက် ဝင်ငွေပိုများသည်။ မိုးရာသီတွင် ကလေးငယ်အများစုမှာ ဝမ်းပျက် ၊ ဝမ်းလျှော ရောဂါများအဖြစ် များသည်။


## (စ) အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်ချက်နှင့် ဗင်းကားချပ်




ဗင်းပုံစံချိတ်ဆက်မှုပြဇယားအရ ပန်တိန်းကျေးရွာတွင် (၁) နယ်ခြားစောင့်တပ် (၁၀၀၄) ၊ (၂) အုပ်ချုပ်ရေးမှူး (၃) ကျေးရွာလူငယ်အဖွဲ့၊ (၄)မိခင်နှင့်ကလေး စောက်ရှောက်ရေး အဖွဲ့၊ (၅) Pact Myanmar ၊ (၆) အမျိုးသမီးမြင့်တင်ရေးအဖွဲ့၊ (၇) KNGY၊ (၈) ဘာသာရေး အသင်း (၉) AC အသင်း၊ (၁၀) သက်ထွေးအဖွဲ့၊ (၁၁) ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ အဖွဲ့၊ (၁၂) ကျန်းမာရေး အဖွဲ့၊ (၁၃) မြစိမ်းရောင်အဖွဲ့၊ (၁၄) ငြိမ်း foundation၊ (၁၅) save the children တို့ဖြစ်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးကို အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ချိတ်ဆက်၍လူထုနှင့် ပူးပေါင်းလုပ်ဆောင်ကြသည်။


## (ဆ) အခက်အခဲများနှင့်ပြဿနာများ





ပန်တိန်းကျေးရွာတွင် နွေရသီတွင် သောက်သုံးရန် နှင့်လျော်ဖွတ်ဆေးကြောရန် မလုံလောက်သည့် အခက်အခဲနှင့် ရေစုကန်မရှိသည့် အတွက် သောက်သုံးရေ အခက်အခဲများရှိသည်။ လမ်းမီးများ မရှိ၍ ညရေးသွားလာရာတွင် အခက်အခဲများ ရှိပါသည်။ အိမ်တိုင်း လျှပ်စစ်မီး ရရှိနိုင်ရန် ငွေအပို မရှိ၍ လက်လှမ်း မမှီကြပါ။ အလုပ်အကိုင် အဆင်မပြေ၍ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့ တွင် အခက်အခဲများ ကြုံတွေ့ရပါသည်။ မိုးတွင်းအခါ ရွာတွင်းသွားလာရာလမ်းတွင် ဗွက်ထ၍သွား လာရခက်ခဲ ပါသည်။ အလုပ်အကိုင် အခွင့်အလမ်းနည်းပါး၍ စားဝတ်နေရေး ခက်ခဲမှု ရှိပါသည်။ ကျောင်း ခြံစည်းရိုးမရှိ၍ ကလေးများလုံခြုံမှုနည်းခြင်း လမ်းမကြီးမှာ ကျဉ်းနေသောကြောင့် ကလေး များ ကျောင်းသွားကျောင်းပြန်ရာတွင် အန္တရာယ် ရှိစေနိုင်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှု ကြောင့် အိမ်ထောင်ရေး ပြဿနာ အခက်အခဲများ ရှိပါသည်။ ဖုန်းလိုင်း မရရှိမှုကြောင့် ဆက်သွယ်ရာတွင် အခက်အခဲရှိခြင်းများလည်း ကြုံတွေ့ရပါသည်။


## (၉) မျှော်မှန်းချက်




ပန်တိန်းကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးများ၏ မျှော်မှန်းချက်များမှာ တနစ်ပတ်လုံးရေ ဖူလုံစွာ ရရှိစေရန်၊ မိုးတွင်းအခါတွင် ရွာတွင်းသွားလာရ လွယ်ကူ အဆင်ပြေစေ ရန် ရွာတွင်းလမ်းပြုပြင်ပေးရန် မျှော်လင့်ထားပါသည်။ ဆေးရုံရှိဆရာ၊ ဆရာမများ လုံလောက်စွာ ရရှိစေချင်ပါသည်။ ပညာရေးတွင်လည်း အထက်တန်းကျောင်း ဖြစ်စေချင်ပါသည်။ တစ်ရွာလုံး မီးရရှိရန်နှင့် ညသွားလာရ အဆင်ပြေစေရန် လမ်းမီးများလည်း ရရှိစေရန် မျှော်မှန်းထားပါသည်။ ကျောင်းတွင်ကလေးများ လုံခြုံမှုရှိစေရန် ကျောင်းခြံစည်းရိုးနှင့် စာကြည့်တိုက် အတွက် ဗဟုသုတ ရရှိစေမည့်စာအုပ်များ၊ အစည်းအဝေးပြုလုပ်ရာတွင် အဆင်စေရန်အတွက် ခန်းမဆောင်တို့ရရှိရန် မျှော်လင့်ထားပါသည်။ အရေးပေါ်ဆက်သွယ်မှု အဆင်ပြေစေရန် အတွက် ဖုန်းလိုင်း၊ လမ်းမကြီး တိုးချဲ့ပေးရန် နှင့် မူးယစ်ဆေးဝါးကင်းစင် ပပျောက်စေရန်၊ ဆင်းရဲမှု လျော့ကျစေရန်တို့ကို လည်း မျှော်မှန်းထားပါသည်။

## (ဈ) ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း



ပန်တိန်းကျေးရွာ၌ ဦးစားပေးလုပ်ငန်းများ ။ (၁) ရွာတွင်းလမ်းပြုပြင်ခြင်း၊ (၂)ကျောင်းခြံစည်းရိုး ပြုပြင်ခြင်း၊ (၃) ကျေးရွာတံတား တည်ဆောက်ခြင်း (၄) ဘောလုံးကွင်းဟောင်း ပြုပြင်ခြင်းနှင့် (၅) ကျေးရွာ မူကြိုကျောင်းသစ် တည်ဆောက်ခြင်း ၊ (၆) လမ်းဓါတ်မီးတိုင်စိုက်ထူခြင်း တို့ဖြစ်ကြပါသည်။ ကျေးရွာတွင်း သွားလာရာ မိုးအခါတွင် အဆင်မပြေသောကြောင့် အဆင်ပြေမှု ဖြစ်လာစေရန် ရွာတွင်းလမ်း ပြုပြင်ခြင်းကို အမျိုးသားနှင့် အမျိုးသမီးတို့မှ လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ပါသည်။ ကျောင်းတွင် ကလေး များ အသုံးပြုသော အိမ်သာများ၊ စာသင်ခုံများ လုံခြုံမှုရှိစေရန် ကျောင်းခြံစည်းရိုး ပြုပြင်ခြင်း အတွက်လည်း အမျိုးသားနှင့် အမျိုးသမီးတို့မှ ရွေးချယ်ထားသည်။ ကျေးရွာအတွင် သွားလာရပိုမို လွယ်ကူစေရန် အတွက် ကျေးရွာတံတား (၄) စင်းကိုလည်း အမျိုးသားများနှင့် အမျိုးသမီးများမှ ရွေးချယ်ထားပြီး ဘောလုံးကွင်းဟောင်းပြုပြင်ခြင်း၊ ကျေးရွာ မူကြိုကျောင်း တည်ဆောက်ခြင်းတို့ကို အမျိုးသား များမှ ရွေးချယ်ထားပါသည်။ ဦးစားပေးလုပ်ငန်းများအား လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ထား ပါသည်။


## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ



### ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးလောရင်း | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | အုပ်စုစီ/ထောက်ဥက္ကဌ |
| ၂ | ဒေါ်မို့မို့အောင် | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | အုပ်စုစာရင်းကိုင် |
| ၃ | ဒေါ်မီးမီး | ငွေစာရင်းကိုင် | |
| ၄ | ဦးစောတာမလာဝါး | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၅ | ဒေါ်တူး | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၆ | ဦးချစ်စံ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၇ | ဒေါ်မေဦး | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၈ | ဦးစောကျားကြီး | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၉ | ဒေါ်မိုးနွယ် | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၁၀ | ဦးမောင်သား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | |
| ၁၁ | ဒေါ်မူတ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | |
| ၁၂ | ဦးမောင်အောင် | စေတနာ့ဝန်ထမ်း | |
| ၁၃ | ဒေါ်နော်ဆဲအိုဒီး | စေတနာ့ဝန်ထမ်း | |

## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)



ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စဉ်၊ သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရမည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်၊ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်၊ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် ဦး[illegible] | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09409955855 | | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
|---|---|---|---|
| ပြည်နယ်/တိုင်းဒေသကြီး ကယား | မြို့နယ် မယ်ဆဲ့ | ကျေးရွာအုပ်စု မယ်ဆဲ့ | ကျေးရွာ ပန်တိန်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း၊ ကယား၊ ဘွဲ့ | ၈၇/၂/၁၅ | ဘာသာ (၁) ခရစ်ယာန် | ၈၀/၂/၁၅ |
| လူမျိုးစု (၂) ကရင် | ၁၅ | ဘာသာ (၂) ခရစ်ယာန်၊ ဗုဒ္ဓ | ၁၅ |
| လူမျိုးစု (၃) ရှမ်း | ၅ | ဘာသာ (၃) ဗုဒ္ဓ | ၅ |
| လူမျိုးစုရေ ကယန်း၊ ကရင်၊ ကယား၊ ရှမ်း | ၂၆+၃၀၁ | ဘာသာရေ ခရစ်ယာန်၊ ဗုဒ္ဓ | ၂၆+၃၀၁ |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၇ | ခရစ်ယာန်၊ ဗုဒ္ဓ | ၇ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) | |
|---|---|---|---|
| လူဦးရေ | ၈၄၉ | ၈၁၆ | ၁၆၆၅ |
| လူမျိုးစု (၁) ကယန်း | ၁၃၀ | ၁၄၀ | |
| လူမျိုးစု (၂) [illegible] ဘွဲ့ | ၄၀ | ၆၀ | |
| လူမျိုးစု (၃) ရှမ်း | ၂၀ | ၃၀ | |
| အခြား | ၉၄ +၇၀+၄၉၅ | ၇၄+၅၀+၄၄၂ | |
| အိမ်ထောင်ဦးစီး | ၄၂၉ | ၁၅ | |

၄၂၉ ၁၅

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☑ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☑ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☑ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ☑ ကတ္တရာလမ်း ကွန်ကရစ်လမ်း

☑ မြေနီတော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား

---

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ: ရှိပါသည် (circled)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်-------/မသိပါ ၂၀၀၂ ၂၀၁၀
(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်------ ~~၂၀~~ ၁၅ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် မိနစ် ၃၀
ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား -------------------

မိုးရာသီတွင်ကြာချိန် မိနစ် ၃၀
ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/
အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။
□ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------- မီးလောင်ခြင်း

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) Pact မြန်မာ (၃) [illegible]
(၂) [illegible] CHDN

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။
□ မရှိပါ ☑ ရှိပါသည်


ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၄.၂.၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ ၄.၂.၂၀၁၇

## ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)




ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဝင်းမြင့်ဦး (CF) | | | |
| နေ့စွဲ ၄.၂.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ✓ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဖရူဆို | ကျေးရွာ ပန်တိန်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၄.၂.၂၀၁၇ | ၄.၂.၂၀၁၇ | ၄၁ | ၃၅ | ၇၆ | ၂၀/၇/၂/ ... ၃၅/၁၂/ ကရင်/ကယော/ဂှေး/ကယန်း/ လူမျိုးစုံ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၅.၂.၂၀၁၇ | ၅.၂.၂၀၁၇ | ၄၃ | ၂၆ | ၆၉ | ၄၄/၉/၃/၉/၄ ကယန်း/ ... /ကယော/ဂှေး/ကရင်/လူမျိုးစုံ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၇.၂.၂၀၁၇ | ၇.၂.၂၀၁၇ | ၁၁ | ၆ | ၁၇ | ၆/၄/၄/၃ ကယန်း/ဂှေး/ကရင်/လူမျိုးစုံ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁.၃.၂၀၁၇ | ၁.၃.၂၀၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂.၄.၂၀၁၇ | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း | ၂.၄.၂၀၁၇ | ၂.၄.၂၀၁၇ | ၄ | ၅ | ၉ | ၅/၂/၂ ကယန်း/ကရင်/ဗမာ |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)



ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | | | |
|---|---|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဦးဝင်းမြင့်ဦး (CF) | | | | |
| နေ့စွဲ ၅ . ၂ . ၂၀၁၇ | | ဝက်ဝန်းအား အမှတ်ခြစ်ပါ (√) □ ဝက်ဝန်း(၁) □ ဝက်ဝန်း(၂) □ ဝက်ဝန်း(၃) □ ဝက်ဝန်း(၄) | | | |
| ပြည်နယ်/တိုင်း ကယား | | မြို့နယ် မယ်စဲ့ | ကျေးရွာအုပ်စု မယ်စဲ့ | ကျေးရွာ ပန်တိန်း | |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းမကောင်းခြင်း | ၁ | ကျေးရွာတွင်းလမ်းမကောင်းခြင်း |
| ၂ | ဓါတ်တိုင်မလုံလောက်ခြင်း | ၂ | ကျေးရွာဆေးခန်းမရှိခြင်း |
| ၃ | အလုပ်အကိုင်အခွင့်အလမ်း မရှိခြင်း | ၃ | ဓါတ်တိုင်မလုံလောက်ခြင်း |
| ၄ | သောက်သုံးရေမလုံလောက်ခြင်း | ၄ | အလုပ်အကိုင်အခွင့်အလမ်း မရှိခြင်း |
| ၅ | | ၅ | သောက်သုံးရေမလုံလောက်ခြင်း |
| | | ၆ | ကျောင်း[illegible] မရှိခြင်း |
| | | ၇ | ဖုန်းလိုင်းမရှိသည့်အတွက် ဆက်သွယ်ရေးခက်ခဲခြင်း |
| | | | |
| | | | |
| | | | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|
| ၁ သောက်သုံးရေလုံလောက်စွာရရှိစေရန် မျှော်လင့်ခြင်း | ၁ ဆေးကုသမှုအတွက်ဆရာ/မများ လုံလောက်စွာရရှိလာစေရန် |
| ၂ ရွာတွင်းလမ်း ပြုပြင်ရန် မျှော်လင့်ခြင်း | ၂ သောက်သုံးရေလုံလောက်စွာရရှိစေရန် မျှော်လင့်ခြင်း |
| ၃ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရန်မျှော်လင့်ခြင်း | ၃ ရွာတွင်းလမ်းပြုပြင်ရန် မျှော်လင့်ခြင်း |
| ၄ ငါးနှစ်အောက်ကလေးများ မူကြိုကျောင်းရရှိရန်မျှော်လင့်ခြင်း | ၄ ဆက်သွယ်ရေးလိုင်းများ တိုးချဲ့ရန် မျှော်လင့်ခြင်း |
| ၅ လျှပ်စစ်မီးရရှိရန် | ၅ စာကြည့်တိုက်ပစ္စည်းများရရှိရန် မျှော်လင့်ခြင်း |
| ၆ အခြေခံအလယ်တန်းကျောင်းအဆင့်မှ အထက်တန်းကျောင်းသို့တိုးမြှင့်ရန် မျှော်လင့်ခြင်း | ၆ လျှပ်စစ်မီးရရှိရန် |
| | ၇ ကျေးရွာလူထုစည်းဝေးရန် ကျေးရွာခန်းမရရှိရန် |
| | ၈ အခြေခံအလယ်တန်းကျောင်းအဆင့်မှ အထက်တန်းကျောင်းသို့တိုးမြှင့်ရန် မျှော်လင့်ခြင်း |

—။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျေးရွာလမ်း ပြုပြင်ခြင်း | အမျိုးသား+အမျိုးသမီး | ၁၃၉၀၀၀၀၀ | ၁၆၆၅ |
| ၂ | စာသင်ကျောင်းခြံစည်းရိုး ပြုလုပ်ခြင်း | အမျိုးသား+အမျိုးသမီး | | ၁၆၆၅ |
| ၃ | ကျေးရွာသုံးတံတားတည်ဆောက်ခြင်း(၄)စင်း | အမျိုးသား+အမျိုးသမီး | | ၁၆၆၅ |
| ၄ | ကျေးရွာကားပုံးကျင်းတည်ဆောက်ခြင်း | အမျိုးသား | | ၁၆၆၅ |
| ၅ | ရှေ့ကြိုကျောင်း ပြုပြင်တိုးချဲ့ခြင်း | အမျိုးသား | | ၁၆၆၅ |
| ၆ | လမ်းမီးဆိုလာမီးတိုင် စိုက်ထူခြင်း | အမျိုးသမီး | | ၁၆၆၅ |
| | | | | |
| | | | | |
| | | | | |
| | | | | |


ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ရေတားတာ ဖုံးကာဆေးစာ တည်ဆောက်ခြင်း | အမျိုးသား+အမျိုးသမီး | |
| ၂ | စာကြည့်တိုက်အသုံးအဆောင်ပစ္စည်းများ ရရှိရန် | အမျိုးသမီး | |
| ၃ | ဆက်သွယ်ရေးတာဝါတိုင် ပံ့ပိုးပေးခြင်း | အမျိုးသား+အမျိုးသမီး | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် [illegible] လက်မှတ် (signature) နေ့စွဲ ၅ . ၂ . ၂၀၁၇

# ၁၁။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)



ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် [illegible] (CF)

နေ့စွဲ ၂၁-၂-၁၇


စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☑စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဖရူဆို

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
| ပရိဲ | ရေရကန် နှင့် ရေပိုက်လိုင်း ပြုပြင်ခြင်း | ပေ၃၀၀၀ | | □ ကျား □ မ ☑ ကျား+မ | ၁၄၅သိန်း | - | - \| | ၁၄၅သိန်း |
| ဝမ်ကန် | ကျောင်းစာသင်ခန်းများ ပြုပြင်ခြင်း လုပ်ငန်း | ပေ ၄၈၀ | | □ ကျား □ မ ☑ ကျား+မ | ၇၀သိန်း | - | - \| | ၇၀သိန်း |
| ပန်ဝိမ်း | ဈေးသား လမ်း ပြုပြင်ခြင်း လုပ်ငန်း | ပေ ၄၃၂၀ | | □ ကျား □ မ ☑ ကျား+မ | ၁၃၉သိန်း | - | - \| | ၁၃၉သိန်း |
| | | | | □ ကျား □ မ □ ကျား+မ | | | \| | |
| | | | | □ ကျား □ မ □ ကျား+မ | | | \| | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် [illegible] လက်မှတ် [signature] ရက်စွဲ 21.2.2017

# ၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)



၃ တိယအကြိမ် ဆွေးနွေးသည့် အခေါ

ကျေးရွာအုပ်စု - မယ်ခဲ

ကျေးရွာ - ပန်းတိန်

ရက်စွဲ - ၅.၂.၂၀၁၇

တက်ရောက်သူဦးရေ - အမျိုးသား + အမျိုးသမီး = ၄၃+၂၆ = ၆၉

| စဉ် | အချိန် | ဆွေးနွေးသူ | ဆွေးနွေးသည့် အကြောင်းအရာ |
|---|---|---|---|
| ၁။ | 11:00AM | ကိုအဲ့ ဝေယျာ | ဒီမဲကိန် မိတ်ဆက် / ဒီမဲကိန် စက်ဝန်း } အကျဉ်းဖြင့် ပြောကြား |
| ၂။ | 11:40AM | ဝေယျာ နှယ်ဒီရ | PRA tools ဖြင့်: ရာဇဝင် "ပန်းတိန် ကျေးရွာသည် ကယားပြည်နယ်၊ မယ်ခဲမြို့နယ်တွင် တည်ရှိသည်။ ပန်းတိန် ကျေးရွာသည် မယ်ခဲမှလာသော ၇ မိုင်ရှိ၊ အဆောင်မှ ၉၀ မိုင်ရှိသည်။ ၁၉၉၇ ခုနှစ် ဝန်ကျင် မှစ၍ (ကယားလာ) မိသား ၃ စုမှ နေထိုင်လာကာ၊ ၁၉၉၉ ခုနှစ်တွင် ရွှေ့ပြောင်း မိသားစု အခြားသော မိသား စုများ ခုနှစ် နေထိုင်လာကာ ပန်းတိန် ကျေးရွာ ဖြစ်ပေါ်လာသည်။" |
| ၃။ | 12:00 | | ခေတ္တနား |
| ၄။ | 2:00 PM | ဒေါ်နန်းဒေဝသ နှယ်ဒီရ | ပင်ကျောက်ပုံ (အမျိုးသား) " (အမျိုးသမီး) |
| ၅။ | 3:00 PM | | CMT ကော်မတီအသီးသီး ရွေးချယ်<br>ကျေးရွာဒေသန္တရထိန်း (က) ဦးမောင်အောင် (ခ) ဒေါ်ခဲနော်ဗွိ<br>ကျေးရွာစီမံ/စောင့်ကြပ်ကော်မတီဥက္ကဋ္ဌ - (က) ဦးလောရင် (ခ) ဒေါ်မိုမိုအောင်<br>ကျေးရွာငွေစာရင်းကိုင် - (ခ) ဒေါ်မိမို<br>ဝယ်ယူရေး ဆပ်ကော်မတီ - (က) ဦးတာမလောဝါ (ခ) ဒေါ်ထူး<br>ဝေဖန်အကဲဖြတ်မှုပိုင်းကြား - (က) ဦးမောင်သာ (ခ) ဒေါ်မူလ<br>ဆောက်လုပ်ရေးကြီးကြပ်ရေး - (က) ဦးသုံးခ (ခ) ဒေါ်မေမိုး |

ပဲ့ပတ်ထိန်းသိမ်းရေး - (က) ဦးကြောကြီး
(ခ) ဒေါ်ရှိနွယ်

ကျေးရွာသူ/သားများကို မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ပါသည်။

၄:၀၀ (နှင်းနီ) ကျေးရွာရုံးကြိုရေ ဦးတာဆေး အိမ်အဝင်

P.M (ညနေခင်း) အမျိုးသမီးတင်ပြသောအချက်ခဲများမှာ

(က) ရေလှောင်ကန်မရှိသောကြောင့် ရေလုံလောက်မှုမရှိပေ

(ခ) ရွာတွင်းလမ်း မိုးရွာ သိတည်းသွားလာရခက်ခဲ

(ဂ) လမ်း (ရွာတွင်း) မရှိ၍ လျှပ်စစ်မီး ရရှိရန်ခက်ခဲ

(ဃ) အလုပ်အကိုင်အခွင့်အလမ်း နည်းပါး၍ ဝင်ငွေရှာရခက်ခဲ

(င) ဖုန်းတိုင်မရှိသောကြောင့် ဆက်သွယ်ရေးခက်ခဲ

အမျိုးသားတင်ပြသောအချက်ခဲများမှာ

(က) ရေလှောင်ကန်မရှိသည့်တွက် ရေလုံလောက်မှု မရှိတဲ့အတွက်ခက်ခဲ

(ခ) အလုပ်အကိုင်အခွင့်အလမ်း နည်းပါးတဲ့တွက် ဝင်ငွေရှာရေးခက်ခဲ

(ဂ) ရွာတွင်းလမ်းမရှိသည့်တွက် သွားလာခက်ခဲ

(ဃ) ရွာတွင်းလမ်းမရှိလို့ မီးတိုင်ရရှိရန်ခက်ခဲ

(င) မူးယစ်ဆေးဝါးကြောင့် မိသားစု ပြဿနာများ ပေါ်ပေါက်
သည့်အခက်ခဲ

အမျိုးသားနှင့်အမျိုးသမီး တင်ပြသောအခက်ခဲ ပြဿနာများ တူညီမှုများ

သည်။

နောင်လာမည့် (၅) နှစ်တွင် အမျိုးသမီးများ တင်ပြသောမျှော်မှန်းချက်မှာ

(က) ရေလုံလောက်စွာရရှိလို

(ခ) ရွာတွင်းလမ်းကောင်းမွန်ပါစေလို

(ဂ) သောက်ရေ/သုံးရေ လုံလောက်စွာရရှိလို

(ဃ) ကျေးရွာတွင် အထက်တန်းကျောင်း ရရှိလို

(င) လျှပ်စစ်မီး တွာလုံ ရရှိလို

(စ) အရေးပေါ်ဆက်သွယ်ရန် ဖုန်းတိုင် ရရှိလို

(ဆ) မူးယစ်ဆေးဝါးကင်းစင်စေလို

(ဇ) လမ်းမီးတိုင် ရရှိလို

မျှော်လင့်သည့် (၅) နှစ်တွင် အကျိုးခံစားသူများ၏ မျှော်မှန်းချက်များမှာ
(၁) ရေလုံလောက်စွာ ရရှိမည်။
(၂) ကျေးရွာလမ်းကြောင်း ကောင်းမွန်လာမည်။
(၃) အိမ်တိုင်းစဉ် မီးရမည်
(၄) အထက်တန်းကျောင်း ရရှိမည်။
(၅) ပညာတတ်လူဦးရေ တိုးပွားလာမည်
(၆) အလုပ်အကိုင်အခွင့်အလမ်း ပိုများလာမည်။
(၇) မူးယစ်ဆေးဝါး ကင်းမည်
(၈) လူနေမှုအဆင့်အတန်း မြင့်မားလာမည်။ တို့ဖြစ်သည်။

ကျေးရွာဦးစားပေးလုပ်ငန်းကို မဲပေးစနစ်ဖြင့် ရွေးချယ်ပုံတွင်
(၁) ရွာတွင်း ကြားလမ်း ဖောက်လုပ်ခြင်း (က+မ)
(၂) ရေကာတာ အသေးစား တည်ဆောက်ခြင်း (က+မ)
(၃) ကျောင်းခြံစည်းရိုး ပြုပြင်ခြင်း (က+မ)
(၄) အလယ်တန်းကျောင်းဆောင် ပြုပြင်ခြင်း (က)
(၅) ဘောလုံးကွင်း ပြုပြင်ခြင်း (က)
(၆) အလယ်တန်းကျောင်း အသစ်တည်ဆောက်ခြင်း (က)
(၇) ကျေးရွာပိုင်ရုံး အဆောင်တည်ဆောက်ခြင်း (က+မ)
(၈) စာကြည့်တိုက်အသုံးအဆောင် ပစ္စည်းဝယ်ယူရန် (မ)
(၉) ကျေးရွာပိုင် မူကြိုကျောင်း သစ်တည်ဆောက်ခြင်း (က)
(၁၀) ကျေးရွာတံတား အသစ်တည်ဆောက်ခြင်း (က+မ)
(၁၁) သောက်သုံးရေ တာဝါတိုင် အသစ်တည်ဆောက်ခြင်း (က+မ)
(၁၂) ရွာလုံးကျွတ် လျှပ်စစ်မီး တပ်ဆင်ရေး (က+မ)
(၁၃) လမ်းမကြီး တိုးချဲ့ခြင်း (မ)
(၁၄) လမ်းဘေးဓာတ်မီးတိုင် ပြုပြင်ခြင်း (မ)

5:30 အစည်းအဝေး ပြီးဆုံးခဲ့ပါသည်။

# ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ပန်တိုင်းကျေးရွာ

ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ငွေပမာဏ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ နှင့်လမ်း/တံတား | ၁ | ကျေးရွာလမ်း ပြုပြင်ခြင်း | ကျား+မ | | | |
| | ၂ | ကျေးရွာတံတားတည်ဆောက်ခြင်း | ကျား+မ | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အသက်မွေးဝမ်းကျောင်းနှင့် စိုက်ပျိုးရေး | ၁ | | | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ကျန်းမာရေးနှင့်ပညာရေး | ၁ | [illegible]တည်ဆောက်ခြင်း | ကျား+မ | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| လူမှုရေး | ၁ | စာသင်ကျောင်း ခြံစည်းရိုး ပြုပြင်ခြင်း | ကျား+မ | | | |
| | ၂ | [illegible]ကျောင်း ပြုပြင်တိုးချဲ့ခြင်း | ကျား | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အခြား | ၁ | ကျေးရွာ[illegible]တည်ဆောက်ခြင်း | ကျား | | | |
| | ၂ | လမ်းဓါတ်မီးတိုင် စိုက်ထူခြင်း | မ | | | |
| | ၃ | စာကြည့်တိုက်အသုံးအဆောင်ပစ္စည်းများ ရရှိရန် | မ | | | |
| | ၄ | ဆက်သွယ်ရေးတာဝါတိုင် ပံ့ပိုးပေးခြင်း | ကျား+မ | | | |
| | ၅ | | | | | |
| | ၆ | | | | | |